# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၃)

## လူတဦးခြင်း လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်နိုင်မည့် အခြေခံမှ နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ခြင်း

ဒီမိုကရေစီကို ဘာကြောင့်လိုခြင်တာလို့မေးရင် ရှုဒေါင့် နှစ်ခုကနေ ဖြေဘို့စဥ်းစားရပါလိမ့်မယ်။ ပထမ တခုကတော့အုပ်ချုပ်သူ အစိုးရ ရှုဒေါင့်ပါ။ ဒုတိယ တခုကတော့ အုပ်ချုပ်ခံရတဲ့ လူထု ရှုဒေါင့်ဖြစ်ပါတယ်။ အုပ်ချုပ်သူ အစိုးရရှုဒေါင့်ကနေ ပြောရရင် လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ကိုယ်စါးလှယ်တွေက လူထုကို ပြန်လည်အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးခြင်လို့ --- လို့ ပြောရမှာပါဘဲ။ အုပ်ချုပ်ခံရတဲ့ လူထုရှုဒေါင့်ကနေဆိုရင်တော့ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို အများဆုံးကာကွယ်စောင့်ရှောက်ခြင်တဲ့ အတွက်ကြောင့်လို့ပြောရပါလိမ့်မယ်။

ဒါဖြင့်ရင် ဒီမိုကရေစီကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်ပြီးဘယ်လို စဥ်းစားမလဲဆိုတာ မေးစရာရှိလာပါတယ်။ ရိုးရိုးကလေးဖြေရမှာပါဘဲ။ ဒီမိုကရေစီကို ဖေါ်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ

(၁) လူထုအုပ်ချုပ်ရေး စနစ်ကို ကျင့်သုံး

(၂) လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှုတွေကို ကာကွယ်စောင့်ရှောက်၊

အနည်းဆုံးအားဖြင့် ဒီနှစ်ချက်ကို အာမခံပြဋ္ဌာန်းထားပေးရမှာဖြစ်ပါတယ်။ နအဖ ရဲ့ ၂၀၀၈ ခုနှစ် နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီအခြေခံနှစ်ရပ်လုံး ပျောက်ဆုံးနေတဲ့အတွက် ဒီမိုကရေစီကို ဖေါ်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ဘူးလို့ ရှင်းရှင်းသုံးသပ်ရမှာပါဘဲ။ ဘာကြောင့်လဲဆိုတာ ရှင်းဘို့လိုမှာပါ။

၁၉၇၅ ခုနှစ်မှာစတင်ပြဋ္ဌာန်းကျင့်သုံးခဲ့တဲ့ နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်တဲ့ ဥပဒေဆိုတာ မြန်မာနိုင်ငံမှာ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှုတွေကို ရုပ်သိမ်းရာမှာ အဆိုးဝါးဆုံး၊ အပြင်းထန်ဆုံးဥပဒေ ရယ်လို့ ပြောရမှာပါဘဲ။ အဲဒီ ဥပဒေရဲ့ အခန်း (၃) နိုင်ငံသား တဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း ဆိုတဲ့ ခေါင်းစဥ်အောက်မှာ ပုဒ်မ (၇) အနေနဲ့ အောက်ပါအတိုင်းပြဋ္ဌာန်း ထားပါတယ်။

နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏ အချုပ်အချာ အာဏာနှင့်နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ်ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

ဒီဥပဒေဟာ

(၁) နိုင်ငံတော်လုံခြုံရေး ကို အဓိက အကြောင်းပြုပြီး နိုင်ငံရေး အတိုက်အခံတွေမှန်သမျှကို တရားဝင် ဖိနှိပ်ခွင့်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။

(၂) နိုင်ငံသား တဦးဦးရဲ့ မူလအခွင့်အရေး တရပ်ရပ်ကို ကန့်သတ်မိန့်ချမှတ်တယ်ဆိုတာ ဖမ်းဆီးချုပ်နှောင်တာကို ပြောတာပါ။ သံသယရှိရုံနဲ့ နိုင်ငံသား တဦးဦးကို ဖမ်းဆီးချုပ်နှောင်ခွင့် ကို အစိုးရအာဏာပိုင်တွေကို အပ်နှင်းထားတဲ့ ဥပဒေ ဖြစ်တယ်။ ဆိုလိုတာက ခိုင်လုံတဲ့သက်သေခံအထောက်အထား ရှိရင် ရယ်လို့ ပြဋ္ဌာန်းမထားဘူး။ ယုံကြည်လောက်တဲ့ အကြောင်းရှိလျှင် ဆိုတဲ့ စကားလုံးကိုသာ သုံးထားတာကို လေ့လာကြည့်ပါ။ ခိုင်လုံတဲ့ သက်သေခံ အထောက်အထား ရှိစရာမလိုဘူး။ ယုံကြည်လောက်တဲ့ အကြောင်းရှိရုံနဲ့ ဖမ်းဆီးချုပ် နှောင်ခွင့်ပြုထားတာပါ။ လက်တွေ့မှာလည်း ဘာသက်သေခံ အထောက်အထားမျှခိုင်ခိုင်လုံလုံ မရှိဘဲ သံသယ ရှိရုံနဲ့ နှစ်ပေါင်းများစွာ ဖမ်းဆီးချုပ် နှောင်ခံရတဲ့ နိုင်ငံသားတွေ ထောင်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ပါတယ်။

(၃) တရားရုံး ရဲ့အမိန့်တစုံတရာမပါဘဲနဲ့ အုပ်ချုပ်သူ အာဏာပိုင်တွေရဲ့လုပ်ပိုင်ခွင့် အာဏာသက်သက်နဲ့ နိုင်ငံ သားတွေရဲ့အခြေခံလွတ်လပ်မှုကို တရားဝင်ရုပ်သိမ်းခွင့် ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။

ဒီ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခံရရင်း ကိုယ်ခန္ဓာချို့ယွင်းသွားသူတွေ၊ စိတ်ရောဂါရသွားသူတွေ၊ ထောင်ထဲမှာတင် သေဆုံးသွားသူတွေ၊ ချုပ်နှောင်ရာက လွတ်လာပြီးနောက်ပိုင်း ဘဝပျက်စီးနစ်နာဆုံးရှုံးသွားသူတွေ မြောက်များလှစွာ ရှိနေပါပြီ။ ကမ္ဘာသိ ကျော်ကြားထင်ရှားတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလက်ရှိအချိန်မှာ ဒီ ဥပဒေနဲ့ချုပ်နှောင်ထားဆဲဆိုတာ အားလုံးအသိပါဘဲ။ ဒီ ဥပဒေပြဋ္ဌာန်းချက်အရ နိုင်ငံသား တဦးကို အများဆုံး ငါးနှစ်အထိသာ ချုပ်နှောင်ခွင့် ရှိတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ် မေလ (၃၀) ရက်နေ့က စတင်ချုပ်နှောင်ခဲ့တာ ၂၀၀၈ ခုနှစ် မေလ (၂၉) ရက်နေ့မှာ ၅ နှစ်တင်းတင်းပြည့်ပါတယ်။ ဒါပေမယ့် နအဖ ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်မလွှတ်ဘူး။ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်တဲ့ လုပ်ဆောင်ချက်ကို ဒေါ်အောင်ဆန်းစုကြည် ဘယ်လို ဆက်လက်လုပ်ဆောင်နေတယ်ဆိုတဲ့ သက်သေခံအထောက်အထားလည်း ဘာတခုမှ မပြနိုင်ဘဲနဲ့တနှစ်သက်တမ်းတိုးပြီး ဆက်ချုပ်ထားပြန်ပါပြီ။ ဒုတိယအကြိမ် ငါးနှစ်သက်တမ်းကာလ ချုပ်နှောင်ဘို့အတွက် ပထမတနှစ်ကို ထပ်မံစတင်လိုက်တာဘဲလို့ တွက်လို့ရပါတယ်။ ငါးနှစ်ပြည့်တဲ့ အခါတိုင်း နောက်ထပ် ငါးနှစ်ဆက်ချုပ်သွားတော့မယ့် အနေအထားဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကွယ်လွန်မှသာ ချုပ်နှောင်တဲ့ ကာလ အဆုံးသတ်မယ့် အလားအလာ ရှိနေပါပြီ။

နိုင်ငံတော်လုံခြုံရေးကို အဓိကထားတဲ့ ဒီလို ဥပဒေတရပ်တည်ရှိမှုကို အာဏာပိုင်တွေက အသုံးချနိုင်ခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို ဘယ်လောက်အထိအောင် ပြင်းထန်စွာချိုးဖေါက်ခံနေရတယ်ဆိုတာ ပေါ်လွင်လှပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လို ကမ္ဘာသိထင်ရှားတဲ့ ပုဂ္ဂိုလ်မျိုးကိုတောင် အခုလိုကာလ အကန့် အသတ်မရှိ ချုပ်နှောင်ထားနိုင်တယ်ဆိုရင် တနိုင်ငံလုံးမှာရှိတဲ့ ကျန်တဲ့နိုင်ငံသားမှန်သမျှရဲ့ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို သည် ဥပဒေကို ကိုးကားသုံးစွဲပြီး တိုးမြှင့်ဖျက်ဆီးတော့မယ်ဆိုတာ သေချာသလောက် ရှိနေပါပြီ။ သည်လောက်ဖေါက်ပြန်တဲ့ ဥပဒေ၊ လူတဦးခြင်းစီရဲ့အခြေခံလွတ်လပ်ခွင့်ကို သည်လောက် အထိ ဆိုးဆိုးဝါးဝါး ထိပါးခွင့်ပေးထားတဲ့ ဥပဒေကို ဘယ်လိုလုပ်ပြီးများ ရုပ်သိမ်းရင် ရနိုင်ပါမလဲ လို့ လေ့လာသုံးသပ်ကြည့်ပါတယ်။

တိုင်းပြည်မှာရှိတဲ့ တည်ဆဲ ဥပဒေတရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ရင် ရုပ်သိမ်းလို့ ရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးကိုထိပါးတဲ့ ဥပဒေမှန်သမျှကို ရုပ်သိမ်းရင် ရုပ်သိမ်း၊ မရုပ်သိမ်းရင် ပြင်ဆင်ပြောင်းလဲရပါတယ်။

နိုင်ငံသားတွေရဲ့ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းထားခြင်းဟာ ဘယ်လောက်အထိ အရေးပါတယ်ဆိုတာ ထိုင်းနိုင်ငံမှာ အခုလက်ရှိဖြစ်ပွားနေတဲ့ ဖြစ်ရပ်တခုကို သာဓကပြုပြောပါရစေ။ ဝန်ကြီးချုပ် ဆမတ်ဦးဆောင်တဲ့ အစိုးရကို ပီအေဒီလို့ခေါ်တဲ့ လူထုအဖွဲ့အစည်းတရပ်က ဦးဆောင်ပြီး ဘန်ကောက်မြို့မှာ ဆန္ဒပြနေတာ ရက်သတ္တ သုံးပတ်ကျော်ရှိသွားပါပြီ။ အစိုးရရဲ့လုပ်ဆောင်မှု အားနည်းချက်တွေကို ထိုင်းလူထုတွေက တဦးပြီး တဦး စဉ်မြင့်ပေါ်တက်ဟောပြော ထောက်ပြကြတယ်။ အဲဒီ လူထုစည်းဝေးပွဲကြီး မှာပြောသမျှ ဆိုသမျှတွေကို အေအက်စ်တီဗွီဆိုတဲ့ ရုပ်မြင်သံကြားလိုင်းတခုကနေ နေ့ရောညပါ ထုတ်လွှင့်ပြသတယ်။ ပြည်ထဲရေးဝန်ကြီး ချလုံက အဲဒီ တီဗွီလိုင်းကို ပိတ်ဘို့ကြိုးစားခဲ့တယ်။ ပြည်ထဲရေးဝန်ကြီးရဲ့ လုပ်ဆောင်ချက်ဟာ ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပါရှိတဲ့ လူထုအနေနဲ့ သတင်းအချက်အလက်တွေရယူခွင့်ကို ချိုးဖေါက်ရာရောက်တယ်လို့ ပီအေဒီနဲ့ လူထုတွေက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီတည်ထောင်ထားတဲ့ အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးမှာ ပြည်ထဲရေးဝန်ကြီးကို တရားစွဲဘို့ကြိုးစားတယ်။ သည်အခါမှာ အစိုးရဘက်ကနေ အေအက်စ်တီဗွီ ရုပ်မြင်သံကြားလိုင်းကို အရေးယူဘို့ကြိုးစားတာတွေ ရပ်သွားခဲ့ရတာကို လေ့လာမိပါတယ်။ ဆိုလိုခြင်တာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထုတွေရဲ့အခြေခံလွတ်လပ်ခွင့်တွေကို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားမယ်ဆိုရင် လက်တွေ့မှာ အကာအကွယ်များစွာရရှိတယ် ဆိုတာပါဘဲ။ ဒီလို အခြေခံကနေ များ ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းလို့ ရမလားဆိုပြီး နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးသပ်ပါတယ်။

ပုဒ်မ (၃၅၄) မှာ အောက်ပါအတိုင်းဖေါ်ပြထားတာကို တွေ့ရတယ်။

**မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။**

မြန်မာစာ တတ်သူတိုင်း နားလည်နိုင်မှာဖြစ်ပါတယ်။ **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို နစ်နာဆုံးရှုံးမှု မရှိစေရ** ဆိုတဲ့ အချက်ကို သာမန်ကြည့်ပြီး ဝမ်းမသာပါနဲ့ဦး။ **တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး** ဆိုတဲ့ ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အထူးသတိပြုဘို့လိုပါမယ်။ သာမန်အားဖြင့်ဆိုရင် **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို နစ်နာဆုံးရှုံးမှု မရှိစေရဘူး။** ဒါပေမယ့် **တည်ဆဲ ဥပဒေနဲ့ အညီ** ဖြစ်တယ်ဆိုရင်တော့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို နစ်နာဆုံးရှုံးစေလို့ရတယ်ဆိုတဲ့အချက်ကို အတိအလင်းပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို ကြီးမားစွာ နစ်နာဆုံးရှုံးစေတဲ့ ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက် ဖျက်ဆီးသူများ၏ ဘေးအန္တရယ်မှ ကာကွယ်သည့် ဥပဒေဟာ တည်ဆဲ ဥပဒေဖြစ်ပါတယ်။ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုတွေ ခံစားရရှိဘို့အတွက် နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကားပြီး အဲဒီတည်ဆဲဥပဒေကို ဖျက်သိမ်းခိုင်းလို့မရဘူး ဆိုတာရှင်းနေပါပြီ။ ဒါနဲ့ပြောင်းပြန်ပါဘဲ။ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆိုရင် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုတွေကို ထပ်ဆင့်တိုးပြီး ရုပ်သိမ်းမယ့် ဥပဒေတွေ ပေါင်းများစွာထပ်ပြီး ပေါ်လာဦးမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေပါတယ်။

၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရယ်မှ ကာကွယ်သည့် ဥပဒေအရ နိုင်ငံသားတဦးကို အများဆုံးငါးနှစ်အထိ ဖမ်းဆီးချုပ်နှောင်ထားခွင့် ရှိပါတယ်။ အများဆုံးဖမ်းဆီးချုပ်နှောင်ခွင့် ကာလကို ငါးနှစ်ကနေ နှစ်ပေါင်းငါးဆယ်အထိ တိုးမြှင့်ပြဋ္ဌာန်းမယ် ဆိုရင်လည်း နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ ဘာမှ အကာအကွယ် ရှာလို့ရမှာ မဟုတ်ပါဘူး။ အစိုးရက မဟုတ်မတရားလုပ်ဆောင်ရင် တရားစွဲဆိုနိုင်ဘို့အတွက် ထိုင်းနိုင်ငံမှာလို အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးဆိုတာလဲ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါရှိဘူး။ ဒါကြောင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘယ်လို နည်းနဲ့မှ ဒီမိုကရေစီကို ဖေါ်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ဘူး ဆိုတာ ပေါ်လွင်လှပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အစိုးရအာဏာပိုင်တွေကအတည်ပြုတယ်လို့ ကြေငြာရုံနဲ့ အတည်ဖြစ်တာမျိုး မဟုတ်ပါဘူး။ လူထုက လက်ခံကျင့်သုံးမှသာ အတည်ဖြစ်တာ ဖြစ်ပါတယ်။ လူထုက လက်မခံတဲ့ အတွက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၈ ခုနှစ် လူထုအုံကြွမှုအတွင်းမှာ ဆုတ်ဖြဲပြီး သမိုင်းအမှိုက်ခြင်းထဲကို လွှင့်ပစ်ခဲ့ပါပြီ။ နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာခစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အလားတူ ပြုလုပ်ရုံမှလွဲလို့ အခြားမရှိပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါရစေ။